# လွှန်းထားထား

အဆိပ်



တချို့သော အဆိပ်တွေဟာ

အဆိပ်လို့ မထင်ရအောင်

အရောင်အသွေး အနံ့အရသာမျိုးစုံဖြင့်

သွေးဆောင်ဖြားယောင်း ခြယ်လှယ်တတ်ကြပါရဲ့

**လွန်းထားထား**

*****

လွတ်လပ်နှောင်ဖွဲ့ကင်းတဲ့

ကြိုးကလေးနှစ်ချောင်း

အငြိမှာ ...

တချို့ဆက်ထုံးတွေက

လှပတယ် ... မခိုင်မြဲဘူး ... ပြေလျော့ဖို့ လွယ်ကူတယ်။

တချို့သော ဆက်ထုံးတွေကတော့

ခိုင်ခိုင်မြဲမြဲတော့ နှောင်ဖွဲ့ထားပါရဲ့ ...

ဒါပေမဲ့ ... မလှပဘူးလေ။

*****

နွေဦး၏ ရော်ရွက်ဝါတို့ သည် ပင်ယံထက်ဆီကနေ တဝေ့ဝေ့ မခို့တ ရို့ ကြွေဆင်းလျက်၊ စိန်ပန်းပင်ကြီးကတော့ သူ့ရင်ခွင်ရိပ်အောက်မှ ဆ ယ်ကျော်သက်ကလေး သုံးယောက်ကို အသာအယာ ငုံ့ကြည့်လျက် ပင့် သက်ရှိုက်လိုက်သယောင်။ နွေဦးလေပြေသည် ပူနွေးခြင်းကိုသာ ယူ ဆောင်ခဲ့၏။

လမ်းမထက်ဆီမှာ တော့ အရှိန်ငြီးငြီး တောက်ပသော နေရောင်က စူးရဲစွာ ဖြာကျနေသည် ။ အညိုရောင် ကုပ်ဝဲ ဘော့(ဘ်)ဟဲကလေးနှင့် ကောင်မလေး၏ မျက်နှာကလေးသည် ဒေါသဖြင့် နီရဲလျက်။ မျက်လုံးဝို င်းကလေးတွေမှာ ဒေါသမျက်ရည်တို့ ရစ်ဝိုင်းသီကာ မကြာခင်မှာ ပါးပြ င်နုနု ကလေးထက်ဆီသို့ သက်ဆင်းကြွေကျ လာတော့မည်။ ကောင် လေး တစ်ယောက်တော့ မထုံတက်သေး အမူအရာ တစ်မျိုးဖြင့် အဝေး သို့ လှမ်းကြည့်နေသည် ။

ကောင်မလေး၏ ဒေါသသည် သူနှင့် ဘာမှ မသက်ဆိုင်သကဲ့သို့ပင်။ ကျန်သော ကောင်လေး တစ်ယောက်ကတော့ စိတ်ရှုပ်ထွေး ကြံရာမရ သော မျက်ဝန်းများ ဖြင့် ကောင်မလေးကို ငေးကြည့်နေသည် ။

တကယ်တော့ သူတို့ သည် အချစ်ဆုံး သူငယ်ချင်းတွေ ဖြစ်သည် ။

"ဟဲ့ ပြောလေ၊ နင် ငါ့ပိုက်ဆံတွေ ချေးသွားပြီး ဘယ်တော့ ပြန်ပေးမှာ လဲလို့ "

ကောင်မလေး၏ အသံက ကျယ်သည် ။ ခြေထောက်ကို ဆောင့်လိုက် သေးသည် ။ ကောင်လေးက ခေါင်းကို တစ်ချက် မော့လှန်လိုက်ကာ ပ

ခုံးကလေး တွန့်ပြသည် ။

"ပေးစရာမှ မရှိတာ နင်ကလည်း စွတ်အော်မနေနဲ့ ဟ၊ အသံဗြဲကြီးနဲ့ "

"တောက် အောင်မြေ တွေ့လား၊ ဒီကောင် ပိုက်ဆံချေးတုန်းကတော့ ဒီမျက်ခွက်မျိုး မဟုတ်ဘူး ၊ ချိုသာလိုက်တာမှ ကြံသကာအိုး မှောက်ကျထားတဲ့ အတိုင်း၊ အခု ပိုက်ဆံ ပြန်တောင်းတော့ အကြောက တင်းလိုက်ပုံများ ဟွန်း၊ ငါ့ပိုက်ဆံတွေ နင်ပဲ ချေးပြီး ပြန်မဆပ်ပေါင်း များ ပြီ၊ ဘယ်နခါရှိပြီလဲ ငါ ပြန်ချေချေလိုက်ရတာ၊ အခုတော့ ငါသုံးစရာရှိလို့ ပြန်တောင်းတာပါဆို"

"အေးလေ ငါကလည်း ပြန်မပေးဘူး ပြောတာမှ မဟုတ်တာ၊ အခု မရှိလို့ ပါဆို"

"မရှိရအောင် ငါ့ပိုက်ဆံတွေ ဘယ်ရောက်သွားတုန်း ပြော"

"အမှန်အတိုင်း ပြောရမလား"

"ပြော"

"ဟဲ ဟဲ ငါ Nike ဝေ့ါကင်းရှူးလေး ဝယ်လိုက်တာ"

"ဟာ"

ကောင်မလေး ပါးစပ်အဝိုင်းသား ဖြစ်သွားကာ နင်သွားသလို ရုတ်တရက် ဘာမှ ပြန်မပြောနိုင်။

သူမမှာ တော့ မစားရက်မသောက်ရက် မုန့်ဖိုးလေးတွေ ချွေတာပြီး စုဆောင်းခဲ့ရတာ၊ သင်တန်းတစ်ခုခု တက်ဖို့ အတွက် ရည်ရွယ်ပြီး စုခဲ့ရသော ပိုက်ဆံတွေကို အရေးတကြီး သုံးစရာလိုလို့ ပါဟု အတင်းကာ

ရော ချော့မော့တောင်းပန် ချွဲနွဲ့ပြီး ချေးယူသွားခြင်း ဖြစ်သည် ။ တစ်လကြာလို့ လည်း ပြန်မပေး၊ ပြန်တောင်းတိုင်းလည်း 'ပြန်ပေးမှာ ပေါ့ဟာ ခဏနေပါဦး' စသော စကားတွေဖြင့်သာ ဆွဲဆွဲဆန့်နေသည် ။ အခုကျတော့မှ သူမပိုက်ဆံတွေကို ဝေါကင်းရှူး ဝယ်ပစ်လိုက်ပြီ ဖြစ်ကြောင်း ဖွင့်ဟဝန်ခံလိုက်ခြင်း ဖြစ်သည် ။

"နင် နင် တကယ် လုပ်ရက်တယ် ကမ္ဘာ၊ ဒီပိုက်ဆံတွေ ငါ ဒီဇိုင်နာသင်တန်း တက်ဖို့ စုထားတဲ့ ငွေတွေဟဲ့၊ မလိုချင်ဘူး နင်အခုပြန်ပေး၊ ပြန်ပေးမလား မပေးဘူးလားပြော၊ ငါနင့်ကို တရားစွဲမှာ နော်"

"ဟာ တရားတောင်စွဲဦးမယ် ကြောက်စရာကြီးပါလား၊ ငါက မပေးဘူးလို့ မှ မပြောတာ ယဉ်ကိုရယ်၊ အခုမရှိသေးဘူး ရှိလာရင်ပေးမယ် ပြောသားပဲ"

"နင်က ဘယ်တော့မှ ရှိလာမှာ လဲ"

"အဲဒါတော့ မသိနိုင်ဘူးလေ၊ လူတစ်ယောက်ရဲ့ အနာဂတ်ဆိုတာ ပြောလို့ ရတာမှ မဟုတ်တာ၊ ဒီနေ့ ဆင်းရဲချင် ဆင်းရဲနေပေမဲ့ မနက်ဖြန် ကြီးပွားချင် ကြီးပွားသွားတတ်တာပဲဥစ္စာ"

"နင် ရူးချင်ယောင်ဆောင် မနေနဲ့ နော် ကမ္ဘာ၊ ငါ နင့်ကို လုံးဝ မကျေနပ်ဘူး၊ အောင်မြေ နင်ကလည်း တစ်ခွန်းမှ ဝင်မပြောနဲ့ လက်ပိုက်ကြည့်နေ သိလား"

"အာ ငါနဲ့ မှ မဆိုင်တာ ငါက ဘာပြောရမှာ လဲ၊ ဒီကောင့်အကြောင်းလည်း နင် မသိတာ မဟုတ်၊ ပြန်မပေးမှန်း သိရက်နဲ့ သူချေးတိုင်း ပေးနေတဲ့ နင့်မှာ လည်း အပြစ်ရှိတာပဲ"

"ကြည့်စမ်း သေနာကောင်စုတ် သူကပါ ငါ့ဘက်က မရပ်တည်ဘဲ

သူခိုးအားပေး လုပ်နေတယ်"

"ဟော့ ငါ သူခိုး မဟုတ်ဘူး နော် ယဉ်သကို၊ ပွင့်ပွင့်လင်းလင်း ချေး သုံးတာ၊ နင်ကျေနပ်လို့ ပေးသုံးခဲ့တာပဲ၊ ငါက ပြန်မပေးဘူးလို့ တစ်ခွန်း မှ မပြောသေးဘူး၊ ငါ ပြေလည်လာတဲ့ တစ်နေ့ နင့်ကို အတိုးရော အရင်းပါ အကုန်ပြန်ဆပ်မယ်လို့ စိတ်ကူးထားပြီးသား"

"အမလေး နင်က ဘယ်တော့များမှ ပြေလည်မှာ လဲ၊ နင့်ကိုယ်နင်လ ည်း ပြန်ကြည့်လိုက်ပါဦး၊ မသိတဲ့ သူ ဆိုရင်တော့ အထင်ကြီးစရာ၊ ရုပ် ကလေးက သနားကမားနဲ့ ကြည့်လိုက်ရင် မော်ဒယ်လ်လိလို မင်းသား လိုလို စတိုင်မလိုင်က အပြည့်နဲ့ ၊ ကိုယ့်ကိုယ်ကိုယ်လည်း သထားလိုက် တာ ကြော့မော့လို့ ၊ အကြောင်းသိတွေကတော့ အထင်ကြီးစရာ တစ်ကွ က်မှ မရှိ၊ ပိုက်ဆံချေးပြီး ပြန်မပေးတတ်တဲ့ အဆံချောင်"

"ဟာကွာ တောက် နင်တော့လေ ငါလုပ်လိုက်ရ သေဦးမယ်၊ ငါ့ကိုများ အထင်သေးလို့ ငါချမ်းသာလာမှ နင့်ကို ငါ့အိမ်မှာ ခေါ်ခိုင်း ထားမယ် ဟင်း"

"တောက် လူပါးကလည်း ဝသေး ဟွန်း"

နှစ်ယောက်သား မာန်စောနေကြသည် ကို အောင်မြေက တစ်ဖက် သို့ လှည့်ကာ ကျိတ်ပြုံးရသည် ။ သူတို့ သုံးယောက်ကြားမှာ ဖြစ်နေကျ အဖြစ်အပျက်တို့ က ရိုးနေပြီမို့ မကြာခင်မှာ ကမ္ဘာ့ကို ယဉ်သကိုက ဒေါ သတကြီး လိုက်ထုနှက်တော့မှာ ၊ ကမ္ဘာက ကျောကော့ပြီး ပြေးတော့မှာ ကို မြင်ယောင်နေသေးတော့သည် ။

"လူပါးဝတော့ ဘာဖြစ်လဲ၊ နင့်လို ဒီဇိုင်နာရူး ပိန်တာရိုးထက်တော့ ငါက ပိုချောသေးတယ် မှတ်၊ ငါ နာမည်ကြီးမော်ဒယ် ဖြစ်သွားမှ ဒါ ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းလေးပေါ့ဟဲ့လို့ လူတကာ လိုက်မကြွားနဲ့ ၊ ငါက

အပီချေတော့မှာ ဟား ဟား"

"ကြည့်စမ်း အယုတ်တမာလေး၊ နင့်ရုပ်လား အောင်မြင်မယ့်ရုပ် အကျင့်က တစ်စက်ကလေးမှ မကောင်းတဲ့ ကောင်ကများ ၊ သူများ ပိုက်ဆံတွေ ချေးချေးပြီး လည်သာဂျာကင် ဝယ်ရတာနဲ့ အရှက်မရှိတဲ့ ကောင်၊ နင့်ကိုများ မတော်တဆ ချစ်ကြိုက်မိမယ့် မိန်းမအတွက် ငါ ရင်လေးသေးတယ် သိလား"

"အေး နင် ငါ့ကို လာမကြိုက်ရင် ပြီးတာပဲ"

"တေနာလေး"

နေပူထဲ ပြေးထွက်သွားသော ကမ္ဘာ့နောက်သို့ ယဉ်သကို ကဆုန်ပေါက်ပြီး ပြေးလိုက်သွားသည် ။ သူတို့ သုံးယောက်စလုံး ဆယ်တန်း အောင်ပြီးချိန် မှာ အဝေးသင်ပဲ ယူဖြစ်ကြသည် ။ အလုပ်တစ်ခုခု လုပ်ဖို့ ရှာဖွေကြိုးစားရင်း ခုချိန်ထိ ဖုန်းကလေးတွေ ကိုယ်စီ ပွတ်ကာ ဖေ့(စ်)ဘွတ်ကလေး သုံးလိုက် YouTube ကလေး ကြည့်လိုက် ဘဝအတွက် ခမ်းနားသော အိပ်မက်တွေကို လွယ်ပိုးကာ လည်ရာပြန်စားရေးဘဝမှာ ပဲ ရှိနေကြသေးသည် ။

မိဘဆီက လက်ဖြန့်တောင်းနေရသော ဘဝကနေ လွတ်မြောက်ချင်သည့် စိတ်ကလေးတော့ ရှိပါရဲ့ ၊ တကယ့်လက်တွေ့မှာ အလုပ်က မယ်မယ်ရရ မရှိသေးပါ။ ယဉ်သကိုကမှ မိန်းကလေးပီပီ ရည်ရွယ်ချက်ပြင်းပြထက်သန်မှု ရှိသေးသည် ။ သူမက ဒီဇိုင်နာ ဖြစ်ချင်သည် ။ ဒီဇိုင်နာသင်တန်း တက်ဖို့ စုဆောင်းထားသမျှ ပိုက်ဆံကလေးတွေကို ကမ္ဘာက နည်းအမျိုးမျိုးဖြင့် နှူးနှပ်ဖြားယောင်းကာ ချေးချေး သုံးတာနှင့်ပင် ကုန်ကုန်သွားတတ်သည် ။ ခုထိ ဒီဇိုင်နာ သင်တန်းပင် မတက်နိုင်သေး။

ကမ္ဘာကတော့ ရုပ်ကလေးကလည်း သားနားကာ အလုကြိုက် အ

ကောင်းကြိုက်သူပီပီ ဝယ်လိုက်လျှင် ပစ္စည်းအကောင်းစားမှ တီရှပ်၊ ဂျင်းပဲန်၊ လည်သာဂျာကင်နှင့် ကြော့မော့နေအောင် ပြင်ဆင်ထွက်ကာ လမ်းသလားတတ်တာ သူ့ဗီဇ။ Selfie တွေ မျိုးစုံဆွဲကာ ဖေ့စ်ဘွတ်ပေါ် အကြောင်းအမျိုးမျိုး ရှာပြီး တင်တတ်သေးသည် ။ ကမ္ဘာက talky ကလည်း ကြွယ်သေးသူ ဖြစ်သောကြောင့် ဖေ့စ်ဘွတ်မှာ တော့ ဆယ်လီတစ်လိုင်းပဲ ဖြစ်သည် ။ မင်းသားမဟုတ် မော်ဒယ်မဟုတ်ဘဲ သူ့မှာ followers တွေ များ စွာရှိသည် ။ ကောင်မလေးတွေလည်း ကြွေသလို မမကြီးတွေကလည်း သူ့ကို အသည်းခိုက်ကြသည် ။ မက်ဆေ့ချ်တွေ တဒင်ဒင်နဲ့ အမြဲရှုပ်နေတတ်သူ ကတော့ ကမ္ဘာပဲ ဖြစ်လေသည် ။

သူကတော့ ကမ္ဘာလို ပွေလီမရှုပ်။ ဂစ်တာတီးပြီး သီချင်းလေးတွေ ဆိုမည်။ ပြီးရင် ဖေ့(စ်)ဘွတ်နှင့် YouTube မှာ တင်မည်။ ကိုယ့်ဗီဒီယိုဖိုက်ကလေးကို ကြည့်သူတွေများ လျှင် ရင်ခုန်လှိုက်မော ကျေနပ်ရသည် ။ ဒါသည် ပင် သူ့ဘဝ ဖြစ်သည် ။ သူကျတော့ ကမ္ဘာ့လို ဖြတ်လမ်းနည်းကို မသုံးတတ်၊ သူသိပ်လိုချင်သော ဂစ်တာတစ်လက်ကို ပိုင်ဆိုင်ခွင့် ရဖို့ အတွက် သူ ရက်ပေါင်းများ စွာ အငတ်ခံပြီး စုဆောင်း ဝယ်ခဲ့ရခြင်း ဖြစ်သည် ။

ဂစ်တာလေးကို လိပ်ပြာသန့်သန့် မက်မောလို့ ရသည် မဟုတ်လား။

*****

ထမင်းစားပွဲပေါ်မှာ တင်ထားသော အုပ်ဆောင်းကို အသာလှပ်ဟလိုက်ချိန်တွင် ကြွေပန်းကန်လုံးထဲရှိ ရွှေခေါင်းပြောင် ဟင်းကလေးက သူ့ကို ပြောင်ပြနေသယောင်။ ချဉ်ပေါင်ကြော် ကလေးကလည်း ပုစွန်မပါ

ဆီခြောက်ခြောက်ကပ်ကပ်နှင့်မို့ ခြောက်သွေ့လှသည် ။

"ကျစ် ဟင်းကလဲကွာ၊ တစ်နေ့မှ မကောင်းဘူး"

သူ ခပ်တိုးတိုးကလေး ပွစိစိ ရွတ်လိုက်တာကိုတောင် အမေက ကြား ဖြစ်အောင် ကြား၏။ နားပါးသည့် နေရာတွင် တော့ အမေ့ကို ဘယ်သူမှ လိုက်လို့ မမှီနိုင်။

"ဘာပြောတယ် ကမ္ဘာ၊ ဒီဟင်း စားရတာတောင် နင် ကံကောင်းပြီမှ တ်၊ ဒီခေတ်ကြီးထဲမှာ ကုန်ဈေးနှုန်းတွေ တက်တဲ့ နှုန်းက ဒုံးပျံထက် တောင် မြန်သေး၊ သူများ တွေ ထမင်းတောင် နပ်မမှန်ဘူး၊ ကိုယ့်ထက် ဆင်းရဲတဲ့ ဘဝတွေကို ပြန်ကြည့်လိုက်ဦး၊ နင့် ကြည့်လိုက်ရင် သူဌေးလို လို ခွေးလိုလိုနဲ့ ယောင်ခြောက်ဆယ်၊ မရှိတဲ့ ဘဝကို မရှိသလို နေပါ လားဟယ်၊ ဘာဖြစ်လို့ ကိုယ့်ထက်မြင့်တဲ့ ဘဝတွေကို လိုက်အားကျပြီး ဟန်ဆောင်နေချင်ရသလဲ၊

အသက်ကဖြင့် ဆယ့်ရှစ်နှစ်ရှိပြီ၊ ကိုယ့်လုပ်စာဖြင့် ကိုယ်မရှာနိုင် သေးဘူး၊ မအေဆီက လက်ဖြန့်တောင်း၊ ဖုန်းကလေး တပွတ်ပွတ်နဲ့ တ စ်နေ့တစ်နေ့ လမ်းသလား အလေလိုက်နေတဲ့ အကောင်၊ ပြောရင် မျက် ခွက်က အချိုးပြောင်းသေးတယ်၊ ငါလုပ်လိုက်ရ သေဦးမယ်"

"ဟာဗျာ အမေကလည်း စွတ်ပွားတော့တာပဲ၊ ဟင်းမကောင်းလို့ မ ကောင်းဘူး ပြောတာပဲဗျာ"

"ဟဲ့ ဈေးသည် အိမ်လေဟယ်၊ သစ်သီး ရောင်းစားနေရတာလေဟ ယ်၊ တစ်နေ့ တစ်ထောင် နှစ်ထောင်မြတ်ဖို့ မျက်ကလဲဆန်ပြာ ရောင်းနေ ရတာလေ၊ ဒီကြားထဲ အသီးတွေ ပုပ်သွားရင် အရှုံးက ပေါ်သေး၊ နင်က ဘာကူညီဖော်ရလို့ တုန်း ငါတို့ သားအမိပဲ ပင်ပန်းရတာ၊ နင်က မော်ဒ ယ်ဘွိုင်ယောင်ယောင် ဘာယောင်ယောင် လုပ်နေတာပဲရှိတယ် ဘာများ

အားကိုးရလို့ လဲ၊ ဘဲဥစားရတာတောင် ညည်းတွားနေချင်သေးတယ်၊ ဟွန်း"

"တော်ပြီဗျာ မစားတော့ဘူး၊ နားညည်းတယ်"

"မစားနဲ့ သွား အကုန်အကျ သက်သာတယ်၊ သေနာလေး"

အမေ့ရဲ့ ဒေါသတကြီး ဆဲဆိုမြည်တမ်းသံတွေကို ကျောခိုင်းခဲ့ပြီး ဖုန်းကလေး ကောက်ဆွဲကာ လှေကားထစ်တွေ တစ်လျှောက် တဝုန်းဝုန်း ပြေးဆင်းခဲ့သည် ။ သူတို့ နေရသည် က ရှစ်လွှာ ကန်ထရိုက် တိုက်ခန်းတွေ၏ အပေါ်ဆုံးလွှာဖြစ်သည် ။ ဒီတိုက်ခန်းတွေမှာ ပဲ အောင်မြေတို့ ရော ယဉ်သကိုမိသားစုတွေ နေကြသည် ။ ခြောက်လွှာ အရောက်မှာ အောင်မြေ့ အခန်းတံခါးကို တစ်ချက် ထုခဲ့သည် ။ ဟိုဖက်ခန်းမှာတော့ ယဉ်သကိုတို့ နေသည် ။ အောင်မြေ ရှိပုံမရ၊ ထွက်မလာသောကြောင့် သူ ဆက်ဆင်းခဲ့သည် ။ ဗိုက်ထဲမှာ ဆာလှပြီ၊ ဘာစားရမှန်းလည်း မသိ။ ပိုက်ဆံကလည်း သိပ်များများ စားစား မရှိ။ သူလုပ်စရာမရှိတိုင်း ဖေ့စ်ဘွတ်ဝင်ကာ status တင်လိုက်သည် ။

"ဗိုက်ဆာလိုက်တာကွာ ဘယ်သူမုန့်ကျွေးမလဲ"

ကောင်မလေး တချို့၏ comment တွေ ဝင်လာသည် ။ haha ပေးသူတွေ အသည်းပေးသူတွေ တဖြုတ်ဖြုတ် တက်လာသည် ။ ဒါလေးတွေကြားမှာ ပဲ သူ နှစ်သိမ့်ပျော်ရွှင်ရင်း ကျေနပ်ရသည် ။ မက်ဆေ့ချ်တစ်ခု ဝင်လာသဖြင့် ဖွင့်ကြည့်မိတော့ မမဆီက ဖြစ်နေသည် ။

"ဘာစားချင်လဲ ကမ္ဘာလေး၊ မမ လိုက်ကျွေးမယ်လေ" တဲ့ ။

သူ ဖျတ်ခနဲ ရင်ခုန်ပျော်ရွှင်သွားသည် ။ မမဆိုတာ 'မမ ဆင်းရနံ့' ဖြစ်သည် ။ ဖေ့စ်ဘွတ်ထဲမှာ ရင်းနှီးငြိတွယ် ပြုစုနေသော မမတစ်ယောက်

ဖြစ်သည် ။

မမ၏ ကြွယ်ဝချမ်းသာမှုများကို သူမ၏ ဖေ့စ်ဘွတ်ပေါ်မှာ မြင်ခွင့်ရသည် ။ မမသည် အောင်မြင်သော လုပ်ငန်းရှင်တစ်ယောက် ဖြစ်သည် ။ ရတနာဆိုင် ဖွင့်ထားသည် ။ နိုင်ငံခြားခရီးတွေ သွားတဲ့ အချိန်မျိုး သူမရဲ့ တန်ဖိုးကြီးမားလှသော အဝတ်အစား အသုံးအဆောင်တွေ စားသောက်ဆိုင်တွေမှာ စားသောက်တဲ့ အချိန်မျိုးတွေကို ဖေ့စ်ဘွတ်မှာ မြင်နေရသည် ။ တစ်ခါတရံ သူမရဲ့ အထီးကျန်မှုကလေးတွေကိုလည်း မြင်နေရတတ်သည် ။ ဒီလိုနှင့် မက်ဆေ့ချ်လေးတွေ အပြန်အလှန် ပို့ဖြစ်ရင်း သူနှင့် မမ ရင်းနှီးငြိတွယ်စ ပြုလာသည် ။

မမ၏ စာလေးတွေမှာ နှောင်ဖွဲ့လိုခြင်းတွေ ပါတတ်တာကို ယောကျ်ားလေး တစ်ယောက်မို့ သူ ရိပ်မိသည် ။ သူကလည်း အနှောင်ကင်းသော ကြိုးတစ်ချောင်း ဖြစ်သည် မဟုတ်လား။ တစ်ခါတရံ သူနှင့် မမ အပြင်မှာ တွေ့ဖူးကြသည် ။ နှစ်ယောက်တည်း သီးသန့် ချိန်းတာမျိုး မဟုတ်၊ မမသွားနေကျ Gym ကို ချိန်းတာမျိုး၊ Club တစ်ခုခုမှာ ချိန်းတာမျိုး စသဖြင့် လူတွေကြားမှာ ရောနှောတွေ့ခြင်း မျိုးသာ ဖြစ်သည် ။ မမသည် အသက်သုံးဆယ် ဝန်းကျင်လောက်တော့ ရှိမည်။ ခေတ်မီလွန်းပြီး နုပျိုကြော့မော့နေအောင် ပြင်ဆင်းသထား တတ်သူမို့ ကြည့်လိုက်လျှင် နှစ်ဆယ် အစိတ်လောက်သာ ထင်ရသည် ။

အိမ်ထောင်မရှိ။

Single ဟု ဖေ့စ်ဘွတ်မှာ တင်ထားသော status အရ သိရသည် ။

"တကယ်ကျွေးမှာ လား မမ၊ ကျွန်တော် ဗိုက်ဆာနေတာဗျ"

သူမက်ဆေ့ချ် ပြန်ပို့လိုက်လျှင် မမဆီက ချက်ချင်း ပြန်လာသည် ။

"မတို့ Fuji Coffee House မှာ ရှိတယ်၊ လာခဲ့မလား သီးသန့်ခန်းထဲမှာ စားနေတာ"

"ဟုတ် လာခဲ့မယ်"

Fuji House သို့ သွားဖို့ တက္ကစီခတော့ သူရင်းရမည်။

ထိုခဏတွင် အောင်မြေက သူ့အနားသို့ ရောက်လာ၏။

"ဟာ အတော်ပဲ၊ ဟော့ကောင် အောင်မြေ ငါနဲ့ လိုက်ခဲ့ကွာ၊ မမတစ်ယောက်နဲ့ Fuji မှာ ချိန်းထားတယ်၊ သွားစားမလို့ "

"ဟာကွာ ငါနဲ့ မှ မသိဘဲ မလိုက်ချင်ပါဘူး၊ ရှက်စရာကြီး"

အောင်မြေက ငြင်းလိုက်သည် ။

ကမ္ဘာတစ်ယောက် ရှုပ်ရှုပ်ယှက်ယှက် ဘာတွေ ဇာတ်ရှုပ်နေမှန်း သူမသိ။ ကြည့်လိုက်လျှင် မော်ဒယ်တစ်ယောက်လို သူ့ကိုယ်သူ သနေတတ်သော ကမ္ဘာသည် စကားပြောလည်း ကောင်းသလို အညှို့လည်း တော်သည် ။ ဖေ့စ်ဘွတ်ပေါ်မှာ သူ့ကို မမြင်ချင့်အဆုံး၊ အရပ်မြင့်မြင့် ဖွံ့ထွားကျစ်လစ်သော ကိုယ်ခန္ဓာနှင့် ညိုစိုသော အသားအရေကို ပိုင်ဆိုင်ထားသော ကမ္ဘာသည် ညို့ရှိသော မျက်ဝန်းများ နှင့် ကော့ညွတ်စိုပြေသော နှုတ်ခမ်းတွေကြောင့် မိန်းမတွေ ကြွေဆင်းသော ရုပ်မျိုးဖြစ်သည် ။

ကမ္ဘာအကြောင်းကို ငယ်ပေါင်းတွေဖြစ်သော အောင်မြေက အသိဆုံးပင်၊ ဘာကိုမှ မယ်မယ်ရရ လက်ကြောတင်းအောင် မလုပ်ချင်ဘဲ ဘော်ကြော့ကလေး နေချင်တတ်သူ၊ မိန်းကလေးတွေနှင့် ကလူ၏ သို့ မြူ၏ သို့ နေတတ်သူလည်း ဖြစ်သည် ။

"မရဘူး ဟော့ကောင် လိုက်ခဲ့ကွာ"

ကမ္ဘာက အောင်မြွေကို ဗွတ်အတင်း ဆွဲခေါ်ကာ တက္ကစီတစ်စင်း ဖမ်းတားလိုက်သည် ။ ဈေးဆစ်ပြီးတာနှင့် သူ့ကို ကားပေါ်သို့ အတင်းတွန်းထည့်နေတာနှင့် သူ မငြင်းသာတော့။

"မင်းကတော့ကွာ ငါ ညစာ မစားရသေးဘူးကွ"

"အခု စားမလို့ သွားတာလေကွာ၊ မမကျွေးလိမ့်မယ်"

"သောက်ငတ်၊ ငတ်ကြီးကကျပြီး အရှက်က မရှိဘူး၊ ငါ အဲဒါမျိုး သူများကျွေးတာကြီး မစားချင်ဘူး ဟော့ကောင်၊ ရှက်ဖို့ ကောင်းတယ်"

"အသာနေစမ်းပါကွာ မင်း ဘာမှ မပြောနဲ့ ၊ မမက ငါနဲ့ အငြိလေး ဖြစ်နေတာ၊ သူက လှမ်းခေါ်လို့ သွားစားမှာ ဘာမှ ရှက်ဖို့ မလိုဘူး"

"ဘာ အငြိလေးလဲ မင်းကတော့လေ"

အောင်မြေက ကမ္ဘာ့ကို စိတ်ရှုပ်ထွေးစွာ ကြည့်သည် ။ ကမ္ဘာဟာ သူဖြစ်ချင်ပြီဆို တဇွတ်ထိုး လုပ်နေကျအတိုင်း အောင်မြွေအပေါ်လည်း လွှမ်းမိုးနေကျ ဖြစ်သည် ။ စိတ်အခန့်မသင့်လို့ ရန်ဖြစ်ရင်လည်း ခဏသာ၊ တစ်ယောက်နဲ့ တစ်ယောက် မခေါ်မပြောဘဲ မနေနိုင်၊ ညီအစ်ကိုတွေလို ရင်းနှီးသော ငယ်ပေါင်းတွေ ဖြစ်သည် မို့ ကမ္ဘာ့ အနွံ့အတာကို အခံရဆုံးမှာ အောင်မြေနှင့် ယဉ်သကို နှစ်ယောက်သာ ဖြစ်လေသည် ။

*****